**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်**

**(Environmental Compliance Certificate - ECC)**

သက်သေခံလက်မှတ်အမှတ်။ ECC ( ၈၄၂ ) ရက်စွဲ။ ၂၀၂၄ ခုနှစ် ၊ ဧပြီလ ၂၃ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဒေါ်အားလင်လျှံ<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် အမှတ် (၁၇)၊ လေဆိပ်လမ်း၊ မြို့သစ် (၃) ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။<br>ဖုန်း-၀၉ ၅၂၅၀၅၇၄ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏အရွယ်အစား** | - | စီမံကိန်းဧရိယာ (၂၀) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေ မြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) ။ |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၉-၆-၂၀၂၀<br>သက်တမ်းကုန်ဆုံးရက် - ၁၈-၆-၂၀၂၅ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | - | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |
| (ဈ) | **အတည်ပြုအစီရင်ခံစာ** | - | အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၃၅၁/ရွှေဖက်စပ် (လင်းလျှံထက်) /၂၀ |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက်ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၃၁၅/ ရွှေဖက်စပ် (လင်းလျှံထက်)/၂၀ ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်အားလင်းလျှံ၊ Managing Director၊ လင်းလျှံထက်သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်၊ အမှတ် (၁၇)၊ လေဆိပ်လမ်း၊ မြို့သစ် (၃) ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဖုန်း- ၀၉ ၅၂၅၀၅၇၄ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ရွှေသတ္တုတူးဖော်ခြင်းဆောင်ရွက်ရာတွင် ဟင်းလင်းဖွင့် တူးဖော်ခြင်းနည်းစနစ် (Open Cut Mining Method) ကို အသုံးပြုမည်ဖြစ်ပြီး၊ ရွှေကို ထုတ်ယူရာတွင် Heap Leaching Method ကို အသုံးပြုမည်ဖြစ်ကြောင်း၊ လုပ်ကွက်မြေပြင်အနေအထားမှာ တောင်စောင်း ချေဖျက်သိုက်ဖြစ်ပြီး ရွှေသတ္တုပါသောအနေအထားမှာ (Elluvial Ore Deposit Type) ဖြစ်ကြောင်း၊ ရွှေသတ္တုချက်ကန်နှင့် သုံးစွဲရန်ရေကန်များထားရှိမည့်နေရာများကို စနစ်တကျ ရွေးချယ် သတ်မှတ်ပြီး လေးထောင့်ပုံသဏ္ဍာန်မြေကျင်းများတူးဖော်ကာ ရွှေပါဝင်မှုနည်းသည့်မြေစာများကို ချက်ကန်အတွင်း စုပုံထားရှိပြီး ဓာတ်ဆေးဖျန်းကာ ရွှေကိုဓာတ်ကြွကာဗွန်ထည့်ထားသော (Columns) အတွင်းသို့ ဖြတ်သန်း စေခြင်းဖြင့် ရွှေကိုထုတ်ယူသောနည်း (Carbon in Columns Method-CIC) နည်းစဉ်ကို အသုံးပြုမည်ဖြစ်ကြောင်း၊ ရွှေစွဲဝင်သော ကျောက်နှင့်မြေစာများကို အရည်ဖျော်ထား သော (ဓာတ်ဆား) ဖျော်ရည်အား ရေပန်းများဖြင့် ပက်ဖျန်း၍ ရွှေကိုအရည် ပျော်ဝင်စေပြီး ရွှေပါ အရည်ကို အရည်စုကန်မှတစ်ဆင့် ကာဗွန်ထည့်ထားသောအိုးကို ဖြတ်သန်းစေကာ ရေကို ရွှေချက်ကန်သို့ ပြန်ပို့ပြီး ရွှေပါသောကာဗွန်ကို မီးရှို့၍ ရွှေကိုထုတ်ယူမည်ဖြစ်ကြောင်း ဖော်ပြထား ပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကြမ်းပစ္စည်းများ အနေဖြင့် Cyanide၊ ကာဗွန်တို့ကို အသုံးပြုမည်ဖြစ်ကြောင်း၊ Back hole (၃) စီး၊ မြေကော်ယာဉ် (၁) စီး၊ မြေသယ်ယာဉ် (၅) စီး၊ မီးစက် (25 kVA) (၂) လုံးနှင့် ရေစုပ်စက် (၄) လုံး တို့ကို အသုံးပြုမည်

ဖြစ်ကြောင်း၊ လုပ်ငန်းအတွက် အသုံးပြုမည့်ရေလိုအပ်ချက်မှာ တစ်နှစ်လျှင် ရေဂါလန် (၆၅၄,၀၀၀) ခန့် ဖြစ်ပြီး လောင်စာဆီလိုအပ်ချက်မှာ တစ်နှစ်လျှင် ဂါလန်(၂၃,၆၄၀) ခန့် အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) တွင် တည်ရှိပါသည်။

ပြည်ထောင်စု
ဝန်ကြီးရုံး

## လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ





ရည်ညွှန်းချက်

B: 3016400.000 1198200.000 (Lat/Lon: 20° 38' 20.4053" N, 100° 08' 38.6556" E)


C: 3016400.000 1198500.000 (Lat/Lon: 20° 38' 29.3333" N, 100° 08' 38.6633" E)

D: 3016100.000 1198500.000 (Lat/Lon: 20° 38' 29.3405" N, 100° 08' 29.1784" E)

ခန့်မှန်းဧရိယာ ဧက (၂၀) ခန့်



# လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan




ရည်ညွှန်းချက်

Myanmar UTM2000 Map No.20100-02, Grid Latter PC

A: 618924.195 2282444.165 (Lat/Lon: 20° 38' 20.5653" N, 100° 08' 29.9692" E)

B: 619198.668 2282445.872 (Lat/Lon: 20° 38' 20.5581" N, 100° 08' 39.4538" E)

C: 619196.960 2282720.345 (Lat/Lon: 20° 38' 29.4859" N, 100° 08' 39.4616" E)

D: 618922.488 2282718.638 (Lat/Lon: 20° 38' 29.4932" N, 100° 08' 29.9768" E)

- Soil sample: 619026.717 2282627.922 (Lat/Lon: 20° 38' 26.5187" N, 100° 08' 33.5564" E)
- Seepage sample: 618957.351 2282446.984 (Lat/Lon: 20° 38' 20.6494" N, 100° 08' 31.1156" E)
- Stream water sample: 619234.193 2282637.964 (Lat/Lon: 20° 38' 26.7979" N, 100° 08' 40.7281" E)
- Ground water sample: 619145.364 2282713.645 (Lat/Lon: 20° 38' 29.2798" N, 100° 08' 37.6771" E)
- Tailing pond sample: 619091.458 2282562.835 (Lat/Lon: 20° 38' 24.3869" N, 100° 08' 35.7777" E)

Ore dumpping site 2: 618957.892 2282537.430 (Lat/Lon: 20° 38' 23.5911" N, 100° 08' 31.1562" E)

Overburden dumpping site: 619133.250 2282494.781 (Lat/Lon: 20° 38' 22.1638" N, 100° 08' 37.2053" E

Water treament pond 1: 619034.033 2282568.633 (Lat/Lon: 20° 38' 24.5886" N, 100° 08' 33.7948" E)

Water treament pond 2: 619047.285 2282577.191 (Lat/Lon: 20° 38' 24.8640" N, 100° 08' 34.2548" E)

Barrack: 619179.184 2282604.731 (Lat/Lon: 20° 38' 25.7295" N, 100° 08' 38.8192" E)

Office: 619157.649 2282605.007 (Lat/Lon: 20° 38' 25.7435" N, 100° 08' 38.0752" E)

Clinic: 619163.171 2282613.289 (Lat/Lon: 20° 38' 26.0116" N, 100° 08' 38.2680" E)

Messing & store: 619186.638 2282629.854 (Lat/Lon: 20° 38' 26.5450" N, 100° 08' 39.0829" E)

Washing roomnt Feature: 619191.607 2282648.536 (Lat/Lon: 20° 38' 27.1515" N, 100° 08' 39.2592" E)

Toilet: 619190.411 2282665.101 (Lat/Lon: 20° 38' 27.6906" N, 100° 08' 39.2219" E)

## လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့နယ်၊ နားယောင်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၂၀) ဧက ကျယ်ဝန်းသော လုပ်ကွက် (SETCL-12) တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း၏ Flow Chart

### ရွှေသတ္တုထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဇယားပုံ

ရွှေသတ္တုပါကျောက်နှင့် မြေများကို ရွှေချက်ကန်အတွင်း စုပုံထားရှိပါသည်။ ချက်ကန်အတွင်းကို ပလပ်စတစ် အထူများဖြင့် ရေလုံအောင် ခင်းထားပါသည်။

↓

ပြုလုပ်ထားသော ရွှေချက်ကန်တွင် ထည့်သွင်းသော မြေအမှုန်များပြည့်သွားပါက ထုံးရေကြည်ဖြန်းပါသည်။

↓

ထုံးရေကြည်ဖြန်းပြီးသော ကန်အတွင်းသို့ အရည်ဖျော်ထားသော အက်စစ်ကို ပိုက်များဖြင့် ပက်ဖြန်းပါသည်။

↓

ရွှေချက်ကန်အောက်ပက်ရှိ ပိုက်၏ အပေါ်မှ အက်စစ် ဖြန်းပြီးသော ရွှေပါအရည်များကို ပြုပြင်ထားသော ရေကန်အတွင်း ကျဆင်းစေပါသည်။

↓

ရေကန်တွင် စုထားသော ရွှေပါအရည်များကို ကာဗွန် ထည့်ထားသော အိုးအတွင်း ဖြတ်သန်းစေပြီး ကာဗွန်မှ ရွှေကို ဖမ်းယူပြီး ကျန်အရည်ကို ရွှေချက်ကန်အတွင်း ပြန်ပို့ပါသည်။

↓

ရွှေချက်ကန်မှ အရည်ကို ကန်အောက်မှ တပ်ဆင်ထားသော ပိုက်ဖြင့် အရည်စုကန်ရောက်ပြီး ယင်းမှ ကာဗွန်ထည့်ထားသော အိုးကိုဖြတ်သန်းစေပြီး ရွှေကို ကာဗွန်မှ ထုတ်ယူပြီး ရေကို ရွှေချက်ကန်သို့ ပြန်ပို့ပြီး ယင်းသို့စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်ပါသည်။ (၁)လခန့်ကြာလျှင် အိုးအတွင်းမှ ရွှေပါကာဗွန်ကို ထုတ်ယူပြီး ကာဗွန်အသစ်ပြန်ထည့်ပြီး (၃)လခန့် ရွှေထုတ်ယူခြင်း ပြုလုပ်ပါသည်။ (၁)လတစ်ကြိမ် ထိုရွှေပါကာဗွန်ကို လဲလှယ်ရွှေထုတ်ယူပါသည်။ ကာဗွန်ကို ရွှေပါ/မပါ စစ်ဆေး၍ ရွှေပါဝင်မှု မရှိတော့မှသာ ကန်ကို ပိတ်သိမ်းပါသည်။ ရွှေပါဝင်မှု အနည်း အများကို လိုက်၍ (၃)လမှ (၄)ခန့်ထိ ရွှေထုတ်ယူ ပါသည်။

↓

ရွှေပါသောကာဗွန်ကို မီးရှို့ ပြီး ရွှေကို ထုတ်ယူပါသည်။

ပြည်ထောင်စု
ဝန်ကြီးရုံး

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူသည် လင်းလျှံထက်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၃၅၁/ရွှေဖက်စပ် (လင်းလျှံထက်)/၂၀ ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** ရွှေသတ္တုတူးဖော်ခြင်းဆောင်ရွက်ရာတွင် ဟင်းလင်းဖွင့် တူးဖော်ခြင်းနည်းစနစ် (Open Cut Mining Method) ကို အသုံးပြုမည်ဖြစ်ပြီး၊ ရွှေကို ထုတ်ယူရာတွင် Heap Leaching Method ကို အသုံးပြုမည်ဖြစ်ကြောင်း၊ လုပ်ကွက်မြေပြင်အနေအထားမှာ တောင်စောင်းချေဖျက်သိုက်ဖြစ်ပြီး ရွှေသတ္တုပါသောအနေအထားမှာ (Elluvial Ore Deposit Type) ဖြစ်ကြောင်း၊ ရွှေသတ္တုချက်ကန်နှင့် သုံးစွဲရန် ရေကန်များထားရှိမည့် နေရာများကို စနစ်တကျရွေးချယ်သတ်မှတ်ပြီး လေးထောင့်ပုံသဏ္ဍာန်မြေကျင်းများ တူးဖော်ကာ ရွှေပါဝင်မှုနည်းသည့်မြေစာများကို ချက်ကန်အတွင်းစုပုံထားရှိပြီး ဓာတ်ဆေးဖျန်းကာ ရွှေကိုဓာတ်ကြွကာဗွန်ထည့်ထားသော (Columns) အတွင်းသို့ ဖြတ်သန်း စေခြင်းဖြင့် ရွှေကိုထုတ်ယူသောနည်း (Carbon in Columns Method-CIC) နည်းစဉ်ကို အသုံးပြုမည်ဖြစ်ကြောင်း၊ ရွှေစွဲဝင်သော ကျောက်နှင့်မြေစာများကို အရည်ဖျော်ထားသော (ဓာတ်ဆား) ဖျော်ရည်အား ရေပန်းများဖြင့် ပက်ဖျန်း၍ ရွှေကို အရည်ပျော်ဝင်စေပြီး ရွှေပါအရည်ကို အရည်စုကန်မှတစ်ဆင့် ကာဗွန်ထည့်ထားသောအိုးကို ဖြတ်သန်းစေကာ ရေကို ရွှေချက်ကန်သို့ ပြန်ပို့ပြီး ရွှေပါသောကာဗွန်ကိုမီးရှို့၍ ရွှေကိုထုတ်ယူမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးထိခိုက်မှု လျော့နည်းစေရန်အတွက် လုပ်ငန်းခွင်အတွင်း ရေဖျန်းခြင်းများဆောင်ရွက်ရန်၊

(၂) ဖုန်မှုန့်များထွက်ရှိမှု လျော့ပါးစေရေးအတွက် ယာဉ်များအား အရှိန်လျှော့မောင်းနှင်စေရန်နှင့် မြေသယ်ယာဉ်များအား အရှိန်လျှော့ မောင်းနှင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) လေထုအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၄) လုပ်ကွက်အတွင်း တူးဖော်ပြီးသောနေရာများအား သီးပင်၊ စားပင်နှင့် အကြီးမြန်သစ်ပင်များ စိုက်ပျိုးရန်၊

(၅) လုပ်ကွက်အတွင်းရှိ လမ်းများအား ဖုန်မထစေရန် အမာခံလမ်းပြုလုပ်ထားရန်၊

(၆) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများအား သယ်ယူရာတွင် စွန့်ပစ်မြေစာသယ်ယာဉ်များအား စနစ်တကျဖုံးအုပ်များ ဆောင်ရွက်ရန်၊

(၇) စီမံကိန်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများအား လုပ်ကွက်အတွင်းရှိ ကျင်းချိုင့်များကို ဖြည့်တင်းခြင်းနှင့် လုပ်ကွက်လမ်းဖောက်ရာတွင် အသုံးပြုခြင်းများ ဆောင်ရွက်ရန်၊

(၈) မြေစာတူးဖော်ရာနေရာနှင့် စုပုံကွင်းကို အနီးဆုံးလမ်းကြောင်းဖြစ်စေရန် စီမံဆောင်ရွက်ရန်၊

(၉) မြေသယ်ယာဉ်များအား ရေဆေးသန့်စင်ခြင်းနှင့် ရေဖျန်းခြင်းများအား ဆောင်ရွက်ရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေအရည်အသွေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ၊ စွန့်ထုတ်အရည် သတ်မှတ်ချက်ပါ Parameter များအား ခွဲခြားစမ်းသပ်ခြင်းများ ဆောင်ရွက်ရန်၊

(၂) မြေပေါ်ရေနှင့် မြေအောက်ရေအရည်အသွေးထိခိုက်မှု မရှိစေရန်အတွက် အလုပ်သမားများမှ စွန့်ပစ်ရေကို အနည်စုကန်တစ်ခုပြုလုပ်၍ pH ကို Control ပြုလုပ်သွားရန်၊

(၃) အလုပ်သမားများအသုံးပြုသော မိလ္လာကန်အတွက် အနည်စုကန်နှင့် ရေကြည်စစ်ကန် (၂) ခု ပြုလုပ်ထားရှိရန်၊

(၄) ရေထုညစ်ညမ်းမှုလျော့နည်းစေရန်အတွက် ရေထွက်များကို အမှိုက်များ ရှင်းလင်း၍ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက် စီမံဆောင်ရွက်သွားရန်၊

(၅) စွန့်ပစ်ရေနှင့် မြေအောက်စိမ့်ထွက်ရေများကို ပြင်ပသို့စွန့်ထုတ်ခြင်းမပြုမီ pH 7-9 ရရှိစေရေး ဆောင်ရွက်သွားရန်၊

(၆) ရွှေချက်ကန်မှ နောက်ဆုံးဆက်လက်အသုံးပြုရန် မလိုအပ်သော စွန့်ပစ်အရည်များကို HDPE Liner ဖြင့် ပြုလုပ်ထားသော အရည်စုကန်တွင် ထားရှိသိုလှောင်ပြီး နေရောင်ခြည်ဖြင့် ခာတ်ပြယ်စေခြင်း၊ ထုံးထည့်၍ ခာတ်ပြယ်စေခြင်းတို့ကို စီမံဆောင်ရွက်ရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းမှထွက်ရှိလာသော စွန့်ပစ်မြေစာများအား လုပ်ကွက်အတွင်းရှိ ကျင်းချိုင့်များကို ဖြည့်တင်းခြင်းနှင့် လုပ်ကွက်လမ်းဖောက်ရာတွင် အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) မြေစာပုံများပြိုကျမှုမရှိစေရန် မြေစာပုံအမြင့်ကို တတ်နိုင်သမျှ လျော့ချထားပြီး ရေနုတ်မြောင်းများ ဖောက်လုပ်ထားရှိရန်၊

(၃) တူးဖော်ပြီးသည့် မြေနေရာများအား မြေဆီလွှာများ ပြန်လည်ဖြည့်တင်း၍ သစ်ပင်များ စိုက်ပျိုးသွားရန်၊

(၄) ရွှေသန့်စင်ခြင်းလုပ်ငန်းစဉ်တွင် ဆိုဒီယမ်ဆိုင်ရာနိုဒ်ကို အသုံးပြုမည်ဖြစ်ပြီး ရွှေချက်နေစဉ် မြေကြီးထဲသို့ ဆိုဒီယမ်ဆိုင်ရာနိုဒ်ပါ ဖျော်ရည်ယိုစိမ့်မှုမဖြစ်ပေါ်စေရန်အတွက် စီမံဆောင်ရွက်သွားရန်၊

(၅) လုပ်ငန်းခွင်အတွင်းမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများကို သီးခြားနေရာသတ်မှတ်၍ စုပုံထားရှိရန်၊

(၆) စွန့်ပစ်ရေကန်အတွင်းသို့ ထုံးရည်ကြည်များ၊ ဖဲရပ်ဆာလ်ဖိတ် ဖျော်ရည်များ ပက်ဖျန်းပေးခြင်းဖြင့် ဆိုင်ရာနိုဒ်ခာတ်ပြယ်စေရန် ဆောင်ရွက်သွားရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် လုပ်သားများအား နားကြပ်များဝတ်ဆင်ပြီးမှသာ လုပ်ငန်းဆောင်ရွက်ရန်၊

(၂) လုပ်ငန်းခွင်အတွင်း အသုံးပြုနေသော စက်ယန္တရားများအား အသံလုံစနစ် (Silencer) တပ်ဆင်ထားရှိရန်နှင့် လုပ်ငန်းသုံးအင်ဂျင်များ ကြံ့ခိုင်မှုရှိစေရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၃) ညအချိန် သတ္တုတူးဖော်ခြင်းနှင့် ယန္တရားများ အသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်၊

(၄) လုပ်ငန်းခွင်အတွင်း ယာဉ်ယန္တရားများအား သတ်မှတ်မိုင်နှုန်းအတွင်း၌သာ မောင်းနှင်စေရန်၊

(၅) လုပ်ငန်းရပ်နားနေစဉ်အတွင်း အသုံးပြုသော စက်ယန္တရားများကို စက်ပိတ်ထားရန်၊

(၆) ဆူညံသံနှင့် တုန်ခါမှုကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းထွက်ရှိမှု လျော့နည်းစေရန် လောင်စာဆီများကို သိုလှောင်ကန်များဖြင့် စနစ်တကျသိုလှောင်ထားရှိရန်၊

(၂) ဓာတုဆေးများကို ယိုဖိတ်မှုမရှိစေရေးအတွက် စနစ်တကျသိုလှောင်ထားရှိရန်၊

(၃) စွန့်ပစ်စက်ဆီချောဆီများကို စီမံကိန်းဒေသအတွင်းရှိ မြေဆီလွှာ၊ ရေကန်များနှင့် ရေမြောင်းများအတွင်း စွန့်ထုတ်ခြင်းမှ ရှောင်ကြဉ်ရန်၊

(၄) လုပ်ငန်းခွင်မှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ တန်ဖိုးများအတိုင်း လိုက်နာဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းပတ်ဝန်းကျင်ဒေသတွင် မျိုးကွဲငှက်တိရစ္ဆာန်များ၊ လိပ်ပြာများ၊ နို့တိုက်သတ္တဝါ (၆) မျိုးနှင့် တွားသွားသတ္တဝါ (၆) မျိုးတို့ကို တွေ့ရှိရပါသဖြင့် ယင်းမျိုးစိတ်များ ပျောက်ကွယ်မှုမရှိစေရန်အတွက် မလိုအပ်ဘဲ သစ်ပင်များခုတ်ခြင်း၊ ခွင့်ပြုဧရိယာအတွင်းအမှန်တကယ် လုပ်ငန်းဆောင်ရွက်မည့် နေရာမှအပ မြေပြင်အား ပြောင်းလဲမှုမရှိစေရေး ဆောင်ရွက်ရန်၊

(၂) စီမံကိန်းဧရိယာအတွင်း လုပ်ငန်းနှင့်ကင်းလွတ်ရာ နေရာများတွင် သစ်ပင်များ စိုက်ပျိုးသွားရန်၊

(၃) တောမီးလောင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဖြစ်ပေါ်နိုင်သဖြင့် တောမီးအန္တရာယ်ကို အစဉ်သတိပြုကာကွယ်ခြင်းအား ဆောင်ရွက်ရန်၊

(၄) ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုလျော့နည်းစေရန် ပညာပေးခြင်း၊ စည်းရုံးခြင်းများ ဆောင်ရွက်ရန်။

(ဈ) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဓာတုဆေးများ အသုံးပြုရာတွင် ရာဘာလက်အိတ်၊ ဖိနပ်နှင့် နှာခေါင်းစည်းများ တပ်ဆင်၍ လုပ်ငန်းဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား ရှေးဦးသူနာပြုစုရေး၊ ဘေးအန္တရာယ်မဖြစ်စေရေးတို့အတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများ ထိခိုက်မှုဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ခြေအိတ်၊ လက်အိတ်၊ ဦးထုပ်များ၊ နားကြပ်၊ ဖိနပ်များ ဝတ်ဆင်အသုံးပြုစေရန်၊

(၄) စီမံကိန်းလုပ်ငန်းဆောင်ရွက်စဉ်အတွင်း လုပ်ငန်းခွင်ထိခိုက်မှုများ မဖြစ်စေရန် သတိပေးဆိုင်းဘုတ်များ စိုက်ထူထားရှိရန်၊

(၅) လုပ်သားဝန်ထမ်းများအားလုံး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (PPE) များ ဝတ်ဆင်လုပ်ကိုင်စေရန်၊

(၆) လုပ်ငန်းခွင်အန္တရာယ်ဖြစ်ပေါ်လာပါက ဘေးအန္တရာယ်နှင့်ဆိုင်သော လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရေးဆွဲ၍ စနစ်တကျလေ့ကျင့်ခြင်းများ ဆောင်ရွက်သွားရန်၊

(၇) လုပ်သားဝန်ထမ်းများအား ဆိုင်ရာနိုဒ် အသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးခြင်း၊ သင်တန်းများပို့ချခြင်းများ ဆောင်ရွက်သွားရန်၊

(၈) လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ ထိခိုက်မှုများဖြစ်ပေါ်ပါက ရှေးဦးသူနာပြုစုနည်းဖြင့်ပြုစုပြီး လိုအပ်ပါက ဆေးရုံသို့အမြန်ဆုံးပို့ဆောင်၍ ဆေးကုသပေးခြင်းများဆောင်ရွက်ရန်။

(ည) **အရေးပေါ်အခြေအနေတုန့်ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းထားရှိရန်၊

(၂) အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများအား သင်တန်းများပို့ချသင်ကြားပေးထားရန်၊

(၃) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကုသနိုင်ရန်အတွက် လိုအပ်သောဆေးဝါးများ ကြိုတင်စုဆောင်းထားရှိရန်၊

(၄) မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်ရေးဆွဲ၍ အသိပေးခြင်း၊ အစမ်းလေ့ကျင့်ခြင်းများဆောင်ရွက်သွားရန်၊

(၅) အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်ခြင်း၊ ထိခိုက်မှုလျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးအား လုပ်ကွက်အတွင်း အခိုးအငွေ့များကိုစတင်ထုတ်လုပ်မည့်နေရာ (Point of Complience) တွင် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ဆူညံသံအား စီမံကိန်းဆောင်ရွက်သည့်နေရာနှင့် အလုပ်သမားအိပ်ဆောင်နေရာတို့တွင် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေအရည်အသွေးအား လုပ်ကွက်ဧရိယာအတွင်း တစ်နေရာတွင် pH, Fe, Hg, Cu, As, Ni, Pb, TSS, Cd, Cr, CN, Zn, COD တို့အား (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) မြေအရည်အသွေးအား စတင်ထုတ်လုပ်မည့်နေရာ (Point of Complience) တွင် (၆) လ တစ်ကြိမ် တိုင်းတာစစ်ဆေးရန်။

(ဌ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့်

ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဃ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်တို့အတွက် တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(င) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် နှစ်စဉ် ရန်ပုံငွေကျပ် သိန်း (၂၄၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံဆောင်ရွက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်သိန်း (၂၂၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(၃) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကတိကဝတ်နှင့်အညီ ရန်ပုံငွေကျပ်သိန်း (၂၀၀) ခန့် ထားရှိ သုံးစွဲရန်၊

(၄) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အဖွဲ့ဖွဲ့စည်း၍ ကတိကဝတ်နှင့်အညီ ရန်ပုံငွေကျပ်သိန်း (၃၀၀)ခန့် ထားရှိသုံးစွဲရန်။

(ဈ) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သတ္တုတွင်းပိတ်သိမ်းချိန်တွင် စွန့်ပစ်မြေစာနှင့် စွန့်ပစ်ကျောက်များကို လုပ်ကွက်အတွင်းရှိ ကျင်းချိုင့်များတွင် မြေဖို့ခြင်း၊ မြေညှိခြင်း၊ အပေါ်ယံမြေဆီလွှာဖြည့်တင်းခြင်း၊ ကွန်တိုအလိုက် မြေမျက်နှာပြင်ညှိခြင်းနှင့် မြေဆီလွှာ တိုက်စားမှုမှ ကာကွယ်ရန် ရေစီးရေလာထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၂) မြေသားပြိုကျနိုင်သော နံရံများရှိပါက သစ်ပင်များစိုက်ပျိုး၍ Retaining Wall မြေထိန်းနံရံများ ပြုလုပ်ရန်၊

(၃) စီမံကိန်းလုပ်ကွက်နှင့် ဆက်စပ်နေသောဧရိယာရှိ ချောင်းများ၊ ရေတွင်း၊ ရေကန်များမှ ရေနမူနာများရယူပြီး ရေအရည်အသွေးတို့အား တိုင်းတာစစ်ဆေးရန်၊

(၄) တည်ဆောက်ထားသော အဆောက်အဦများ၊ စက်ပစ္စည်းများအား ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်ကွက်အတွင်း စိမ်းလန်းစိုပြေရေးအတွက် ဒေသနှင့်ကိုက်ညီသော အပင်များ ပြန်လည်စိုက်ပျိုးသွားရန်၊

(၆) မိုင်းပိတ်သိမ်းခြင်းအစီရင်ခံစာအား မိုင်းပိတ်သိမ်းခြင်းမပြုမီ (၁) နှစ်ထက် နောက်မကျစေဘဲ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက် ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ

များနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစု ပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှု ကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင် ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်း နှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင် ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာ အညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်း များမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန် နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက် ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့်စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀) အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်း ခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊ မြေတုန်ခါမှုအတွက် 5 mm/s (Peak Partical Velocity -ppv) ထက် မကျော်လွန်စေရန်နှင့် ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင်သာ ပြုလုပ်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၂.၇.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်း

တိရစ္ဆာန်များ အားဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ် ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **စက်မှုဝန်ကြီးဌာန၊ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့မှထုတ်ပြန်ခဲ့သည့် ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြုခြင်းစည်းကမ်းချက်များ။** အောက်ပါအချက်များကို အလေးထား လိုက်နာဆောင်ရွက်ရန် -

(၁) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးသုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့် သတ္တုတွင်းလုပ်သားများ၊ အနီးပတ်ဝန်းကျင် လူမှုစီးပွားထိခိုက်မှုမရှိစေရေးနှင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၂) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးသုံးစွဲ၍ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းကြောင့်ထိခိုက်မှုမရှိစေရေးအတွက် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး ကို

ပုံမှန်စစ်ဆေးပေးခြင်း (Periodic Medical Examination) နှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုကို စောင့်ကြည့်လေ့လာခြင်း (Monitoring of Environmental Pollution) တို့ကို ပြုလုပ်ရန်၊

(၃) အလုပ်လုပ်ကိုင်သူများအား ဆိုဒီယမ်ဆိုင်ယာနိုဒ်၊ ပြဒါးဓာတုပစ္စည်းများနှင့် စပ်လျဉ်း၍ မတော်တဆ ဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေးကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်လျော်ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေး ကိရိယာနှင့် ဝတ်စုံများကို ထုတ်ပေး၍ အမြဲတစေ စနစ်တကျ ဝတ်ဆင်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်ရန်၊

(၄) လုပ်ငန်းခွင်သို့မဝင်ရောက်မီ လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် လုပ်ငန်းမလည်ပတ်မီ အနီးပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု၌ ဆိုဒီယမ် ဆိုင်ယာနိုဒ်နှင့် ပြဒါးပါဝင်မှု တိုင်းတာခြင်းတို့ကို ဆောင်ရွက်၍ မူလအချက် အလက် (Baseline Data) အဖြစ် မှတ်တမ်းထားရှိခြင်း၊ ပုံမှန်စစ်ဆေးခြင်း၊ လိုအပ်သလို စစ်ဆေးခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ စောင့်ကြပ် ကြည့်ရှုရေး အစီအစဉ်များအတိုင်း ဆောင်ရွက်ရန်၊

(၅) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို သုံးစွဲရာမှ ထွက်ရှိလာသော ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် အန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ထုတ်ပြန်ထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့် ညွှန်ကြားချက်များ၊ စည်ပင်သာယာရေးကော်မတီများမှ ပြဋ္ဌာန်းထားသော ရေပေးဝေရေးနှင့် အညစ်အကြေး သန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ၊ ဓာတု ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာလိုင်စင် နှင့်မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များ၊ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း များမှ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) ပြဒါးအသုံးပြုမှုနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်းလိုက်နာဆောင်ရွက်ရန်-

(ကက) ပြဒါးအသုံးပြုမှုနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များအပါအဝင် အခြားဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ခခ) ပြဒါးအသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတကာမှ ကျင့်သုံးဆောင်ရွက်နေသော ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရန်။

(စ) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်း လုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(ဆ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဇ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကို အစီရင်ခံစာတွင်ဖော်ပြထားသည့် သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်း

အဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် အညီပိတ်သိမ်းရန်စီစဉ်ထားသည့် အချိန်မတိုင်မီ (၁) နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူဆောင်ရွက်ရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုး သက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို

ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက် အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန်

အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဇ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ည) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဋ) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီ အစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့်လိုအပ်ချက်များ အား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဌ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ် သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသား ဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင် နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာရမည်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက် ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ် သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများ အပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊

ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့်သီးခြားရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့်

စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီး နောက်(၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆိုချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နမူနာအနည်အနှစ်၊ ရေနှင့်လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကိုစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထား

များကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဃ) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်း နှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိ သာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချ နိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ် နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ် ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ် တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင် နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင် ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက် ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

-------------------------------------------------------